

www.foreverspace.com.mm

# ကြက်ဥအရောင်
# တိမ်တောင်သဖွယ်

သန်းဆွေ-ရေးသည်

www.foreverspace.com.mm

# ကြက်ဥအရောင် တိမ်တောင်သဖွယ်

## "ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ ဗင်းရေးကျယ် ဓါ......"

"ပြည်ထဲရေး၊ ပေါက်နဲ့ကျေး . . ."

ဤစကားတို့သည် နိုင်ငံရေး၌ သိရခက်လှပုံကို ရည်ညွှန်း၍ဆိုခဲ့သော ဆိုရိုးစကားများဖြစ်သော်လည်း အချစ်ရေး အိမ်ထောင်ရေးတို့နှင့် ပတ်သက်၍လည်း အနက်အဓိပ္ပာယ်ဝင်လျက်ရှိသည်ဟု ကျွန်တော်ဆိုချင်ပါသည်။

ကျွန်တော်သည် လူလားမမြောက်မီကပင် စာရေးဆရာလောင်းလျာတို့၏ ဘဝချစ်ရေးကြိုက်ရေး သမီးရည်းစားရေးတို့၌ အကျွမ်းဝင်ခဲ့ရပေသည်။ မိမိအတွက် ရည်းစားစာကို တစ်ဆယ့်ရှစ်နှစ်သားကျမှကိုယ်တိုင်စတင်၍ ပေးခဲ့ဖူးသော်လည်း ရွယ်တူသူငယ်ချင်းများ မိမိထက်ကြီးသူ မိတ်ဆွေများ ငယ်သူအပေါင်းအသင်းများအတွက် ရည်းစားစာများကိုကား တစ်ဆယ့်လေးနှစ်သားမတိုင်မီကာလ အတန်ကြာကပင် ရေးခဲ့ဖူးလေသည်။ ပေးခဲ့ဖူးလေသည်။

သူတို့သည် မိန်းကလေးတစ်ယောက်ကို အရူးအမူးကြိုက်မိကြပြီဆိုလျှင် ကျွန်တော့်ထံသို့လာကာ အကျိုးအကြောင်းပြောပြ၍ ရည်းစားစာ ရေးခိုင်းကြ၏။ ကျွန်တော့်စာ တစ်စောင်ပေးရုံမျှနှင့် ပြန်စာလာလျှင် သူတို့သည် ကျွန်တော့်အား မေ့လျော့သွားကာ အချစ်ရေယာဉ်ကျောဝယ် နစ်မြော၍ နေတတ်ကြလေသည်။

ကျွန်တော့်စာတစ်စောင် ပေးရုံမျှဖြင့် ပြန်စာမလာသူများ ကျွန်





တော့်စာကြောင့် အဆင်ပြေနေရာမှ တဖန် ပဋိပက္ခဖြစ်ရသူများနှင့် စာတစ်စောင်ကို ပြေပြစ်အောင် မရေးတတ်သူများမှာမူ ကျွန်တော့်ကို လက်မလွှတ်နိုင်ကြဘဲ ပွဲတကာ ရုပ်ရှင်တကာ စာအုပ်တကာအဖြစ်ဖြင့် ဆည်းကပ်ကြရလေသည်။ (ထိုသို့ ရည်းစားစာ မရေးတတ်၍ ကျွန်တော့်အား ချဉ်းကပ်သူများအထဲတွင် အမျိုးသမီးများလည်း ပါဝင်သည်ကိုလည်း ဂုဏ်ယူကြွားဝင့်စွာဖြင့် ဖော်ပြလိုပါသေးသည်။ တစ်ခါတစ်ရံ သမီးရည်းစား ယောက်ျားလေးကရော မိန်းကလေးကပါ ရည်းစားစာ ရေးခိုင်းကြသည့်အဖြစ်မျိုးနှင့်လည်း ကြုံခဲ့ရဖူးပါသည်။)

"ဤကား စကားချပ်"

ဤသို့လျှင် ကျွန်တော်သည် သူတစ်ပါးချစ်ရေး ချစ်ရာတို့၌ ပါဝင်စွက်ဖက်ကာ အခါတော်ပေးလုပ်ခဲ့သဖြင့် ချစ်ရေးချစ်ရာတွင် ထုံးလိုချေ ရေလိုနှောက်ကာ ဘယ်စာမျိုး ရေးလျက်လျှင် ဘယ်စာမျိုး ပြန်လာမည်။ ထိုအခါ၌ ဘယ်လိုပြန်ရေးရမည် စသဖြင့် ချစ်ပရိယာယ်နှင့် အချစ်သေနင်္ဂဗျူဟာ၌ ပါရဂူစွဲခဲ့ပေသည်။ ယခုစာရေးဆရာအဖြစ်သို့ ရောက်မှပင် ကျွန်တော်ရေးသော ဝတ္ထုတစ်ပုဒ်ထဲမှ ရည်းစားစာများကို ထုတ်နုတ်၍ ရေးခဲ့သဖြင့် စွန့်ခဲ့ရကြောင်းကို ကာတွန်းကိုတင်လှက ဝန်ခံဖူးပါသည်။ ထို့ကြောင့်လည်း ကာတွန်းကိုတင်လှနှင့် ကာတွန်းကိုဖေသိန်းတို့သည် ကာတွန်းဝိဇ္ဇာဆရာကြီး ဦးဘဂျမ်း၏ သားတပည့်အရင်းများ ဖြစ်ကြပါလျက် ကာတွန်း ကိုတင်လှက အရင်စွန့်ကာ ကိုဖေသိန်းမှာမူ (ကာတွန်းကိုတင်လှနောက်တစ်ယောက် ယူချင်စိတ်ပေါက်ချိန်တန်နေသော



www.foreverspace.com.mm

www.foreverspace.com.mm

ကာလမျိုးဖြစ်သည်) ယခုအခါတွင်မှ စွန်ခြင်း ဖြစ်တန်ရာသည်။

ထိုကဲ့သို့ သူတကာ၏ ချစ်ရေးချစ်ရာများကို ဝေဖန်သုံးသပ်ဆင်ခြင်ကာ အမြော်အမြင်ပြည့်စုံလှသည့် ကျွန်တော်သည် ကိုယ့်ကိုယ်တိုင် ကိုယ်ပိုင်ချစ်ကိစ္စကို စတင်လိုက်သောအခါ ပွဲဦးထွက်မှာပင် ထွမ်းပြန်၍ ကျခဲ့ပါတော့သည်။

ကနဦးကျိုးခဲ့သော ကျွန်တော့်မှာ ကျိုးစရှိလျှင် ကျိုးချင်ချင်ဟူသော စကားအတိုင်း ကျွန်တော့်ကိုယ်ပိုင် ချစ်တိုက်ပွဲများ၌ တဖုံးဖုံးနှင့် တရှုံးတည်းရှုံးရပါတော့သည်။

ဒေသလိုက်ပြောရလျှင် ရေး၊ မြိတ်၊ ထားဝယ်မှ ဗန်းမော်၊ မြစ်ကြီးနားအထိလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမှ ရခိုင်ပြည် စစ်တွေသို့တိုင်အောင်လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖျာပုံ၊ ကျိုက်လပ်၊ ညောင်တုန်း၊ ပုသိမ်မကျန် ရေချိုရေငံဒေသများ၌လည်းကောင်း စစ်တလင်းကျင်းပခဲ့ဖူးပါ၏။

မိန်းကလေးများ၏ အရည်အချင်းအလိုက် ဖော်ပြရလျှင် ကွမ်းယာသည်၊ ပန်းသည်၊ အထည်သည်၊ ဈေးသည်၊ စက်ရုံအလုပ်သမမှသည် ကျောင်းသူ၊ ကျောင်းဆရာမ၊ စာရေးမ၊ ရုံးအုပ်၊ ပညာအုပ်၊ ဝန်ကြီးနှမအထိ ကြံစည်ခဲ့ဖူးပါ၏။

သို့သော် နေ့ရက်သာကြာခဲ့သော်လည်း မစွန်ခဲ့။ ဝတ္ထုတွေသာ တပုံကြီးထွက်ခဲ့သော်လည်း သန်းဆွေကား မစွန်ခဲ့။ (ဤနေရာ၌ ကျွန်တော်ပိုးခဲ့သော မိန်းကလေးများကို ကျွန်တော်က ယခုကဲ့သို့ အမျိုးအစား ခွဲပြခဲ့သော်လည်း ကာတွန်းကိုကျော်ဆန်းကမူ ကျွန်တော့်ဝတ္ထုများကို ဖတ်၍ စိတ္တဗေဒနည်းအရ သူ ဓာတ်ခွဲ၍ ကြည့်သောအခါ ကျွန်တော်ကြိုက်သော မိန်းမ သုံးမျိုးသာရှိသည်ဟု မှတ်





www.foreverspace.com.mm

ချက်ချဖူးပါသည်)။

ထိုသို့ ကိုယ်ပိုင်ချစ်တိုက်ပွဲတွင် ခံစစ်ဖြင့်သာ ကြံ့ကြံ့ခံနေချိန်၌ ကျွန်တော် ရည်းစားစာ ရေးပေးခဲ့သဖြင့် စွန်ကုန်ကြသော အပေါင်းအသင်းတို့သည် အိမ်ထောင်သည်များ ဖြစ်လျက်ရှိကြလေရာ ကျွန်တော့်ထံ အိမ်ထောင်ရေးအကြံဉာဏ်များ တောင်းခံကြပါလေတော့သည်။

ထိုအခါ ကျွန်တော်သည် ကိုယ်တိုင်က မျက်စိကွယ်နေသော်လည်း သူတစ်ပါး မျက်စိရောဂါကို ကုနေသူကဲ့သို့ သူတို့၏အိမ်ထောင်ရေး အဆင်မပြေမှုများကို ဖြေဖျောက်ပေးရပါတော့သည်။ ဤတွင် အိမ်ထောင်ရှင်များ၊ အိမ်ထောင်ပြုစများ၊ အိမ်ထောင်ပြုလိုသူများနှင့် သမီးရည်းစားအချို့တို့သည် ကျွန်တော့်အိမ်ထောင်ရေး၊ အချစ်ရေး ဩဝါဒခံများ ဖြစ်လာပါလေတော့သည်။

ဤစာကို ရေးရင်း ကျွန်တော့်ခေါင်းထဲဝင်လာသော အကြောင်းအရာတစ်ရပ်ကို ကျွန်တော်ရေးလိုပါသေးသည်။

ကာတွန်းဖေသိန်းသည် သူ၏မင်္ဂလာပွဲအထိမ်းအမှတ်အဖြစ် ထုတ်ဝေမည့် အိမ်ထောင်မင်္ဂလာစာစောင်အတွက် ကျွန်တော့်ထံ စာမူတောင်းစဉ်က စာမူရေးလျှင် သူ့အကြောင်း လုံးဝမရေးပါရန် တောင်းပန်ခဲ့လေသည်။

အမှန်မှာ ကျွန်တော်သည် အချစ်စစ်ပြေးဒုက္ခသည်ဘဝက ကိုဖေသိန်းနေခဲ့သောအခန်းတစ်ခု၌ လပိုင်းမျှ ကပ်ရပ်ခိုလှုံ၍ နေခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်တော်၏ မကောင်းသော အကျင့်ဆိုးများကို သူသိသကဲ့သို့ သူ၏အကျင့်ဆိုးများကို ကျွန်တော် သိပါသည်။ သို့သော် ကိုဖေသိန်းမှာ ကျွန်တော့်လို ဝမ်းသာလည်း အော် ဝမ်းနည်းလည်း

www.foreverspace.com.mm

အောင်နေတတ်သည့် ပရစ်လို လူစားမျိုးမဟုတ်ဘဲ ဝမ်းသာလည်း ဆိတ်ဆိတ် ဝမ်းနည်းလည်း ဆိတ်ဆိတ် ဥတတ်သည့် လိပ်ပြာလိုလူစားဖြစ်ရကား သူ့အကြောင်းကို ကျွန်တော်သိသည်။ ကျွန်တော့်အကြောင်းကို သူက ပိုသိပါလိမ့်မည်။ သို့စဉ်လျက် သူ့အကြောင်း ကျွန်တော်သိရသမျှ အဘယ်ကြောင့် မရေးစေချင်သည်ကို နားမလည်နိုင်ခဲ့ပါ။

ကိုဖေသိန်းသည် သူ့အကြောင်းကို ရေးမည်စိုးရိမ်ခြင်းမှာ လူပျိုကြီးတို့ဘာဝ အတွေးခေါင်ခြင်း အတွေးလွန်ခြင်းမျှသာ ဖြစ်သည်။ လောက၌ လူတို့မည်သည် ကိုယ်အကြောင်းကိုသာ ပြောလိုရေးလိုကြသည် မဟုတ်ပါလော။ ပြောတတ်ရေးတတ်ကြသည် မဟုတ်ပါလော။ မရှောင်မလွှဲသာ၍ သူတစ်ပါးအကြောင်း ရေးရစေကာမူ သူတစ်ပါးအကြောင်း ရေးသလိုလိုနှင့် ကိုယ့်အကြောင်း ကိုယ်ရေးကြသည်ချည်းသာ ဖြစ်ပေသည်။

ယခု ကျွန်တော်သည် ကျွန်တော့်အကြောင်းတွေ ရေးနေခြင်းမှာ ကိုဖေသိန်းက သူ့အကြောင်း မရေးပါနှင့်ဆိုလျှင် ကျွန်တော့်အကြောင်း ရေးနေရခြင်း မဟုတ်ပါ။ သူ့အကြောင်း ရေးနိုင်လျှင်လည်း ဤအတိုင်း ရေးမည်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်. . . ကိုဖေသိန်းတစ်ယောက် မင်္ဂလာဆောင်တော့မည်ဟု ကြားရသည်နှင့် တပြိုင်နက် ကျွန်တော် အိမ်ထောင်ကျလာရပုံကို သတိရမိသောကြောင့် ဖြစ်ပါသည်။

ကိုဖေသိန်းနှင့် ကျွန်တော်သည် အသက်အရွယ်အားဖြင့် ကွာခြားလှသူများ မဟုတ်ကြပါ။ ကျွန်တော်သည် သူ့ထက် ရှစ်နှစ်စော၍ အိမ်ထောင်ကျခဲ့သော်လည်း ဆိုခဲ့သည့်အတိုင်း ချစ်ရေးချစ်ရာ၌





www.foreverspace.com.mm

ကျွမ်းကျင်လိမ္မာလှလွန်း၍ မဟုတ်ပါ။ ထိုနေ့ ထိုအခါ၌ အိမ်ထောင်ကျရန် ဇာတာက ပါလာသောကြောင့်သာ ဖြစ်ပါသည်။

ကျွန်တော် အိမ်ထောင်ကျပုံမှာ ဂျာနယ်ကျော် ဦးချစ်မောင်(ရွှေလင်းယုန်) မြန်မာ့အလင်းမဂ္ဂဇင်း၌ တစ်ခါက ရေးခဲ့ဖူးသည့် 'ရေမြေဆုံးစေတော့' ဟူသော ဝတ္ထုတိုအတိုင်းပင် ဖြစ်ပါသည်။

မည်သူ့ကိုမျှ ပိုး၍မစွန်သော လူပျိုကြီးတစ်ယောက်သည် သူ၏အသက်နှစ်ဆယ့်ရှစ်နှစ်မြောက်မွေးနေ့၌ ဤနှစ်တွင် ဖူးစာရှင်ကို မတွေ့တွေ့အောင် ရှာတော့မည်ဟူသော အဓိဋ္ဌာန်ဖြင့် မိန်းမရှာရန် အိမ်မှ ထွက်ခဲ့လေသည်။

အိမ်မှအထွက်တွင် မိန်းမစီးဘိနပ်ကလေးတစ်ဘက် တွေ့ရသောအခါ ဤဘိနပ်ပိုင်ရှင်သာလျှင် ငါ၏ ဖူးစာရှင်ဖြစ်ကြောင်း နတ်ကောင်းနတ်မြတ်တို့က ရည်ညွှန်းလိုက်ခြင်းဖြစ်သည်ဟု ယူဆကာ ဘိနပ်နှင့်တော်မည့်သူကို လိုက်ရှာလေတော့သည်။

ဤသို့နှင့် လူပျိုကြီးသည် တစ်ရွာဝင်တစ်ရွာထွက် တစ်မြို့ပြီး တစ်မြို့ ဆက်၍ရှာခဲ့ရာ မတွေ့သဖြင့် စိတ်ပျက်အားလျော့ကာ အိမ်သို့ ပြန်ခဲ့သည်တွင် ဘိနပ်ပိုင်ရှင်မိန်းကလေးမှာ လူပျိုကြီး၏ ခြံဘေးမှ အိမ်နားနီးချင်းမကလေး 'အေးပု' ဖြစ်နေသည်ကို သိရသဖြင့် အေးပုနှင့်ပင် ယူလိုက်ရလေသည်။

ဤကား. . . ရွှေလင်းယုန်၏ ဝတ္ထုဇာတ်လမ်း ဖြစ်လေသည်။

ဤအတိုင်းပင် ကျွန်တော်သည် ရေး၊ မြိတ်၊ ထားဝယ်မှသည် ဗန်းမော်၊ မြစ်ကြီးနားအထိလည်းကောင်း၊ ကလော၊ တောင်ကြီးမှ စစ်တွေ၊ ကျောက်ဖြူတိုင်အောင်လည်းကောင်း မြစ်ဝကျွန်းပေါ်တခွင်တွင် ဖျာပုံ၊ ကျိုက်လပ်မှ ညောင်တုန်း၊ ပုသိမ်မကျန် ရေချိုရေငံလှည့်

၍ လူတန်းစားအမျိုးမျိုးသော မိန်းကလေးများကို ပိုးခဲ့သော်လည်း အသက်နှစ်ဆယ့်ရှစ်နှစ်၌ တစ်ဆယ့်ကိုးနှစ်သားကစ၍ ကြိုက်ခဲ့ရသော နုမဝမ်းကွဲတော်သူနှင့် အိမ်ထောင်ကျခဲ့ရလေသည်။

ဤသို့လျှင် ကျွန်တော်သည် ကိုဖေသိန်း လက်ထပ်တော့မည့် သတင်းကို ကြားရာက ကိုဖေသိန်းကို အကြောင်းပြု၍ ကျွန်တော် အိမ်ထောင်ကျလာရပုံကို တွေးမိပြီးနောက် ကျွန်တော်သည် အိမ်ထောင်ရေး ပါရဂူတစ်ဦးအဖြစ် အိမ်ထောင်ရေးသြဝါဒများ ပေးခဲ့ရာ၌ ကြုံခဲ့ရသည့် အဖြစ်ဆန်းတစ်ခုကို သွားသတိရမိလာပြန်ပါသည်။

ကျွန်တော့်သူငယ်ချင်း တစ်ယောက်၌ ရည်းစားနှစ်ယောက် ရှိလေသည်။ ရည်းစားနှစ်ယောက်အနက် တစ်ယောက်မှာ ရိုးရိုးအေးအေးနှင့် သိမ်မွေ့ယဉ်ပျောင်းသူဖြစ်ကာ ကျန်တစ်ယောက်မှာမူ မဟုတ်မခံ ဇတ်ဇတ်ကြဲ ခတ်ကဲကဲ ခက်စွာစွာဖြစ်လေသည်။ ရုပ်ရည်နှင့် အခြေအနေမှာမူ တန်းတူကြလေသည်။

သူငယ်ချင်းက ထိုမိန်းကလေးနှစ်ယောက်အနက် မည်သူ့ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရမည်နည်းဟု မေးပါသည်။ သူ့အနေဖြင့် ခတ်စွာစွာမိန်းကလေးကို ပို၍ချစ်နေသောကြောင့် ပြဿနာပေါ်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် စာရေးဆရာတို့၏ အကျင့်ဆိုးအတိုင်း အိမ်ထောင်ရေး၌ အချစ်ကိုဦးစားမပေးသင့်ကြောင်းကို ဋီကာချဲ့ကာ ရိုးရိုးအေးအေးနေတတ်၍ သိမ်မွေ့ယဉ်ပျောင်းသူ မိန်းကလေးအားယူရန် အကြံပေးတိုက်တွန်းခဲ့လေသည်။

ကျွန်တော့်အား အထင်ကြီးသူ ကျွန်တော့်သူငယ်ချင်းကလည်း ကျွန်တော့်သြဝါဒအတိုင်း ရိုးရိုးအေးအေး မိန်းကလေးကို ယူလိုက်လေ





သည်။ ဤတွင် ခတ်စွာစွာမိန်းကလေးသည် မခံချင်ကြေးဖြင့် ကျွန်တော့်သူငယ်ချင်း မိန်းမယူပြီး တစ်လခန့်အကြာတွင် အခြားယောကျ်ားလေးတစ်ယောက်နှင့် ယူလိုက်လေတော့သည်။

တစ်နှစ်ခန့်ကြာသောအခါ၌ ကျွန်တော့်သူငယ်ချင်းသည် ကျွန်တော့်ထံ အလည်အပတ်လာရာက သူ့ရည်းစားဟောင်း ခတ်စွာစွာလေးကို သတိရကြောင်း ပြောလေတော့သည်။

ဤတွင် ကျွန်တော်က သူ့အား ပြစ်တင်မောင်းမဲကာ ထိုမိန်းကလေး၏ ဆိုးရွားပုံ၊ လင်ပေါ် အနိုင်ယူတတ်ပုံ နေရာတကာ စွာကျယ်စွာကျယ် လုပ်တတ်ပုံ လင်အား မထေမဲ့မြင်ပြုပုံများမှာ ကျွန်တော်ကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်း ဖြစ်နေကြောင်း သူ့အား ပြောပြရလေသည်။

သူငယ်ချင်းသည် မည်သို့မျှ ပြန်မပြောဘဲ ခေါင်းငုံ့ကာ နားထောင်နေခဲ့လေသည်။ ထို့နောက် ကျွန်တော်သည် သူကိုယ်တိုင် မျက်မြင်ဒိဋ္ဌသိနိုင်ရန်အတွက် ခတ်စွာစွာမိန်းကလေး၏ ယောကျ်ားနှင့်ပါ တွေ့ဆုံပေးကာ သူတို့အိမ်ထောင်ရေးကို ပြောပြစေခဲ့လေသည်။ ခတ်စွာစွာမိန်းကလေး၏ ယောကျ်ားမှာလည်း ကျွန်တော်တို့နှင့် မိတ်ဆွေချင်းဖြစ်သဖြင့် သူ့ချစ်သဲလောက် မကြွင်နာပုံများကို ပြောပြလေသည်။

ထိုမှ ကျွန်တော့်သူငယ်ချင်းနှင့် ကျွန်တော်သည် မိတ်ဆွေနှင့်ခွဲခွာ၍ နှစ်ယောက်တည်း ပြန်လာကြရာ၌ ကျွန်တော်က. . .

"ဘယ့်နှယ်လဲ. . . ကိုယ် မပြောဘူးလား. . . မင်းနဲ့ ညားလည်း မင်းကို ဒီလိုပဲ အနိုင်ကျင့်မှာပဲ. . . နှိမ်မှာပဲ. . . "ဟု ကြွားကြွားဝင့်ဝင့် ပြောခဲ့မိပါသည်။

www.foreverspace.com.mm

သူငယ်ချင်းသည် မည်သို့မျှ စကားပြန်မပြောဘဲ ဆိတ်ဆိတ်ပင် နေနေသဖြင့်. . .

“ဘယ်လိုလဲကွာ. . . မင်းကောင်မကို လွမ်းတုန်းပဲလား။ သတိရ တုန်းပဲလား. . . လွဲရတာကို ဝမ်းနည်းတုန်းပဲလား. . .” ဟု မေးရ ပြန်လေသည်။

သို့တိုင်အောင် မည်သို့မျှ ပြန်မဖြေသေးသဖြင့်. . .

“မင်းယူထားတဲ့ အေးအေးနဲ့. . . အစ္စာမကို မင်းပဲ ယှဉ်ကြည့် လေ. . . ငါပြောတဲ့အတိုင်း မမှန်ဘူးလားလို့. . .” ဟု ထပ်ကွန့်၍ ပြောရပြန်သည်။

ဤတွင်မှ သူငယ်ချင်းသည်. . .

“အစ္စာမနဲ့ ပတ်သက်ပြီး မင်းဟောကိန်းထုတ်ခဲ့တဲ့အတိုင်း မှန် ပါပေတယ်ကွာ. . .” ဟု ဝန်ခံပါသည်။

“အေးလေ. . . ငါဟောရင် မမှန်ဘဲနေပါ့မလားကွ. . .”

“ဒါပေမဲ့. . . အေးအေးကို ဟောတာကတော့. . . မှားပြီ သူ ငယ်ချင်း. . .”

“ဟေ. . . ဘာဖြစ်လို့လဲကွ. . .”

“အေးအေးဟာ. . . မင်းပြောသလို အေးပါတယ်. . . ရိုးပါ တယ်. . . သိမ်မွေ့ပါတယ်. . . ဒါပေမဲ့ လင်အပေါ်မှာ အနိုင်ယူတာ တို့ မထေမဲ့မြင်ပြုတာတို့ကတော့ အတူတူပါပဲကွာ. . .”

“ဟေ. . .”

“တစ်ခုတော့ ကွာတာပေါ့လေ. . . အစ္စာမကတော့. . . စကား နဲ့. . . ခြေဟန်လက်ဟန်နဲ့ ခတ်ကျယ်ကျယ်လုပ်တတ်လို့ လူသိတယ်။ အေးအေးကတော့ မျက်ရည်နဲ့ မျက်နှာထားနဲ့ လေသံနဲ့ဆိုတော့ လူ





www.foreverspace.com.mm

မသိဘူးပေါ့ကွာ. . .”

“အင်း. . .”

“အစ္စာမလို ဒိုးဒိုးခက်ခက်နဲ့ အော်ဟစ်ဆူပွက်ပြီး ဖြစ်ရတာက သူလွန်လွန် ကိုယ်လွန်လွန် ဖြစ်ပျက်ထိုးကြိတ်ပုတ်ခတ်လိုက်ကြရင် တော်သေးတယ်. . . ပြီးမှ တစ်ယောက်အနာ တစ်ယောက် ဆေးသိပ် ပေးရင်း ချော့ကြ မော့ကြရတာကမှ အရသာရှိဦးမယ်. . .”

“အင်း. . .”

“အခု ငါ့မှာ ထထက်ကန်လိုက်ဖို့ကလည်း မဖြစ်။ လူကြား အောင် အော်ဟစ်လိုက်ရမှာကလည်း ငါ့အသံသာ လူကြားမှာဆိုတော့ ငါ့အလွန်ပဲဖြစ်မှာမို့ ကြိတ်ခံနေရတာပဲ။ အင်း. . . ဒီဒုက္ခကြီးကို ဘယ်အထိခံနေရဦးမလဲ မသိ. . .”

ကျွန်တော်သည် သူငယ်ချင်း၏စကားမဆုံးမီပင် အဝေးသို့ ထွက်ခွာခဲ့ရလေတော့သည်။

ထိုအခါမှစ၍ ကျွန်တော်သည် အချစ်ရေး၌လည်းကောင်း အိမ် ထောင်ရေး၌လည်းကောင်း မည်သူ့ကိုမျှ ဩဝါဒမပေးဝံ့တော့ပေ။

“ကြက်ဥအရောင် တိမ်တောင်သဖွယ်” အိမ်ထောင်ရေးကျယ် (အဲလေ. . .) အိမ်ထောင်ရေးနက် (ဒါလဲမကောင်းသေးဘူး. . .) အိမ်ထောင်ရေးခက်ခဲသည် မဟုတ်ပါလော. . .။

သန်းဆွေ